ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၅၀၀-ဆည/ ခွဲ(၅) လိုင်စင်/ ၇၅၅၉

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်

အကြောင်းအရာ။ **လိုင်စင်ရကုမ္ပဏီများ၏ လိပ်စာနှင့် Contact Person အချက်အလက်များ မှန်ကန်စွာ ပေးပို့ရန်ကိစ္စ**

၁။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရယူထားသော ကုမ္ပဏီများမှ တင်ပြလာသည့် ကုမ္ပဏီလိပ်စာ (Company Registered Address) နှင့် ဆက်သွယ်ရမည့်ပုဂ္ဂိုလ် (Contact Person) ၏ အမည်နှင့်ဖုန်းနံပါတ်တို့အား လိုအပ်သလို ဆက်သွယ်ဆောင်ရွက်မှု မှန်ကန်စေရန် လိုင်စင်တွင်ထည့်သွင်းဖော်ပြ၍လည်းကောင်း၊ အများပြည်သူများသိရှိစေရန် ဌာန၏ website တွင် ကြေညာဖော်ပြ၍လည်းကောင်း ဆောင်ရွက်ထားရှိပါသည်။

၂။ သို့ရာတွင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ရကုမ္ပဏီများ၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအခြေအနေများအား မြေပြင်ကွင်းဆင်းစစ်ဆေးမှုပြုလုပ်ရာတွင် အချို့သောလိုင်စင်ရကုမ္ပဏီများအနေဖြင့် ဌာနတွင် တင်ပြထားရှိသော ကုမ္ပဏီလိပ်စာ (Company Registered Address) နှင့် ဆက်သွယ်ရမည့်ပုဂ္ဂိုလ် (Contact Person) တို့၏ အမည်နှင့် ဖုန်းနံပါတ်များသည် မှန်ကန်မှုမရှိသည့်အတွက် ဆက်သွယ်ဆောင်ရွက်၍ မရသည်များကို စိစစ်တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများအနေဖြင့် လက်ရှိဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီလိပ်စာ (Company Registered Address) နှင့် ဆက်သွယ်ရမည့်ပုဂ္ဂိုလ် (Contact Person) ၏ အမည်နှင့်ဖုန်းနံပါတ်တို့အား ပူးတွဲပါဇယားတွင်ဖြည့်စွက်၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ (၄-၁၀-၂၀၁၉) ရက်နေ့ နောက်ဆုံးထား ပေးပို့တင်ပြရန်နှင့် ပေးပို့တင်ပြလာခြင်းမရှိပါက ဌာန၏ ညွှန်ကြားချက်များအား လိုက်နာခြင်းမရှိဟု သတ်မှတ်၍ ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်သည့်အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးအကြောင်းကြားပါသည်။

ပူးတွဲပါဇယား ( ) စောင်

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(စိုးနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများအားလုံး

မိတ္တူကို

ရုံးလက်ခံ/ မျှော

D:\TTN\Licensee General.docx

<u>ပူးတွဲပါဇယား</u>

| စဉ် | ကုမ္ပဏီအမည် (Company Name) | ကုမ္ပဏီရုံးခန်းလိပ်စာ (Office Address) | အမြဲတမ်းဆက်သွယ်ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ် (Contact Person) | | |
|---|---|---|---|---|---|
| | | | အမည် (Name) | ဖုန်းနံပါတ် (Mobile Number) | အီးမေးလ်လိပ်စာ (Email Address) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | | | | | |